# တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအတွက် မဲပေးကြသူများ

## နောက်ခံအချက်အလက်

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၂၉ ဦး ရွေးချယ်ခဲ့သည်။


တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုတွင် နေထိုင်သော တိုင်းရင်းသားလူမျိုးစုတစ်စုမှ လူဦးရေသည် နိုင်ငံတစ်ဝန်းလုံးမှလူဦးရေစုစုပေါင်း၏ ၀.၁ ရာခိုင်နှုန်းနှင့်အထက် ရှိပါက ၎င်းတို့၏ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတစ်နေရာရွေးချယ်ခွင့် ရရှိသည်။ သန်းခေါင်စာရင်းရလဒ်ကို အခြေခံတွက်ချက်သော လူဦးရေအရ မြန်မာနိုင်ငံတွင် လူဦးရေပေါင်း ၅၁,၄၈၆,၂၅၃ ဦးရှိရာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတစ်နေရာ ရွေးချယ်ခွင့်ရရန် လိုအပ်သော လူမျိုးစုလူဦးရေသည် ယင်းဒေသတွင် အနည်းဆုံး ၅၁,၄၀၀ ဦး နေထိုင်လျက်ရှိရမည်ဖြစ်သည်။ သို့သော် အဆိုပါ ဥပဒေသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင်နေထိုင်သော လူများစုတိုင်းရင်းသားမျိုးနွယ်စုတစ်ခုအတွက်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီရင်စုကို ရရှိပြီးဖြစ်သော တိုင်းရင်းသားလူမျိုးများအတွက်ဖြစ်စေ အကျုံးမဝင်ပေ။

## သတင်းအချက်အလက်အရင်းအမြစ်

ရွေးကောက်ပွဲကျင်းပရေးကော်မရှင်(UEC)မှ ၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်များကို ၎င်းတို့၏ ဝက်ဆိုက်(http://www.uecmyanmar.org) ပေါ်တွင် မြန်မာဘာသာ(PDF) ဖြင့် ဖော်ပြခဲ့သည်။

EMReF မှ ဇယားများနှင့် အချက်အလက်များကို မြန်မာမှ အင်္ဂလိပ်သို့ ဘာသာပြန်ကာ Microsoft Excel ဖြင့် ထည့်သွင်းခဲ့သည်။ ဇယားများတွင် လွှတ်တော်တစ်ခုချင်းစီအတွက် တိုင်းနှင့်ပြည်နယ်တစ်ခုချင်းစီ၏ သီးသန့်ပြုစုထားသော အချက်အလက်ဇယားများ အပါအဝင် တိုင်းနှင့်ပြည်နယ်အားလုံးအတွက် အနှစ်ချုပ်ရလဒ်များပါရှိသည်။


## တွေ့ရှိချက်




ချင်းပြည်နယ်တွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးမရှိပေ။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခုတွင် တိုင်းရင်းသားလူမျိုးစုလူဦးရေ ၄,၄၇၃,၁၅၈ ဦးသည် ၎င်းတို့မှ ရွေးချယ်ခွင့်ရရှိသော တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို အသီးသီး မဲပေးခွင့် ရရှိခဲ့ကြသည်။ မဲပေးခွင့်ရှိသူ တိုင်းရင်းသားများအနက် ၆၇ ရာခိုင်နှုန်းဖြစ်သော ၂၉၉၈၅၁၃ ဦး မဲပေးခဲ့ကြပြီး ယင်းအနက် ၉၂ ရာခိုင်နှုန်း က မဲရုံတွင် လာရောက်မဲပေးခဲ့ကာ ၈ ရာခိုင်နှုန်းက ကြိုတင်မဲပေးခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအတွက် မဲပေးသူဦးရေအများဆုံးတွင် မကွေးတိုင်းဒေသကြီးသည် ၇၈ ရာခိုင်နှုန်းဖြင့် အများဆုံး ဖြစ်ကာ ၎င်းနောက်တွင် ဧရာဝတီတိုင်းဒေသကြီးက ၇၅ ရာခိုင်နှုန်း၊ ကယားပြည်နယ်တွင် ၇၅ ရာခိုင်နှုန်း အသီးသီးရှိကြသည်။ ကရင်ပြည်နယ်တွင် ၄၈ ရာခိုင်နှုန်းဖြင့် မဲပေးသူ အနည်းဆုံးဖြစ်ကြောင်း တွေ့ရသည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့တွင် ၆၈ ရာခိုင်နှုန်း မှ ၇၀ ရာခိုင်နှုန်းအတွင်း မဲပေးခဲ့ကြကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ် ၄ ခုဖြစ်သော မန္တလေး

တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် မဲပေးသူ နှုန်း ၅၆ ရာနှုန်းမှ ၆၆ ရာနှုန်း အတွင်း မဲပေးခဲ့ကြသည်။

တိုင်းရင်းသားရေးရာဝန်ကြီးနေရာများအတွက် ကြိုတင်မဲပေးခဲ့ကြရာတွင် ကယားပြည်နယ်တွင် ၁၆ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်တွင် ၁၃ ရာခိုင်နှုန်း နှင့် ရှမ်းပြည်နယ်တွင် ၁၂ ရာခိုင်နှုန်းတို့မှာ အများဆုံးဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၃ ရာခိုင်နှုန်းသာ ကြိုတင်မဲပေးခဲ့ကြောင်း တွေ့ရသည်။



# Voter Turnout for Ethinc Affairs Ministers

## Background:

Twenty-nine Ethnic Affairs Ministers were elected during the 2015 general elections.


They were elected in Sates and Regions where an ethnic community had a population equal to, or greater than, 0.1 percent of the national population of Myanmar. Based on provisional census results, which identified the total population of Myanmar as 51,486,253, it had been estimated that the population required to elect an Ethnic Minister would be roughly 51,400 people. This rule however did not apply to ethnic minorities that were the majority within their state/region, or that lived within a state/region where the ethnic group already had a self-administered district/zone.

## Data Source:

Union Election Commission (UEC) provided the results of 2015 General Election on their website (http://www.uecmyanmar.org) and results data are in Myanmar in PDF.

EMR translated tables and data from Myanmar to English, prepared in Excel format. The Place codes (Pcodes) for township of Pyithu Hluttaw and Region/State Hluttaw and the Place codes (Pcodes) for constituencies of Amyothar Hluttaw are copied from the "Myanmar Information Management Unit – MIMU". For each Hluttaw, there is a summary result of all Regions and States in addition to the separate excel sheet for the results in each Region and State.

Findings




There were no ethnic affair ministers elected in Chin State. In 13 States and Regions, 4,473,158 ethnic people were eligible to vote for their respective ministers, of which 2,998,513 people cast votes i.e., 67% (92% voted at polling stations and 8% advance votes). The percentage of voter turnout for ethnic affairs ministers ranged from 48% to 78% with the highest in Magway region (78%) followed by Ayeyarwaddy Region (76%) and Kayah State (75%). The lowest voter turnout was seen in Kayin State with 48%. Voter turnout were 68% to 70% Kachin State, Shan State, Yangon Region, Bago Regions and Sagaing Region while the rest 4 States and Regions ranged from 56% to 66%, namely Mandalay Region, Tanintharyi Region, Mon State and Rakhine State.

For ethnic affair ministers, advance votes were given more in Kayah State (16%), Kayin State (13%) and Shan State (12%). Only 3% of advance votes was seen in Tanintharyi Region and Rakhine State.

